

# ဒေါင်းမှတ်လို့ မကိုးကွယ်နဲ့

-ဒေါင်းအစစ်ဆိုတာ
ခေတ်ကိုအသက်သွေးနဲ့ထုဆစ်
သစ္စာကြီးသူတွေ
ဦးအောင်မေသု
ဦးကင်းစိန်
ကိုမင်းအောင်
သူရဲကောင်းအထောင်အသောင်းရဲ့
ရာပနတွေမှာ
ကျုပ်တို့သဂြိုဟ်ခွင့်မရခဲ့ဘူး ....။

-ဒေါင်းအတုတွေ
တော်လှန်ရေးအဓွန့်ရှည်ပါစေဆိုတဲ့
ဆောင်ပုဒ်အပျက်တွေနဲ့
တော်လှန်ရေးအရေခြုံ
အသားထဲကလောက်ထွက်
ဒေါင်းမှတ်ပြီးပုံမအပ်လိုက်ကြနဲ့ဟေ့ ...။

-ဒေါင်းအတုတွေလား
ဒီမိုကရေစီအင်အားစုတွေကြားမှာ
နေသားတကျနဲ့
ဟန်ကျပန်ကျဦးဆောင်နေရဲ့ ...။

နေလတ်(ပဲခူးရိုးမ)